ကာတွန်း - Hara Livani

ဇာတ်ညွှန်း - Franziska Schraut

# ကျင့်ဝတ်နှင့်တကွရဲရင့်ဖြ

တတ်ကျွမ်းလုပ်ရှားသူများအတွက် ဒစ်ဂျစ်တယ်လုံခြုံရေးရုပ်ပြစာအုပ်



School of Arts & Creative Industries | MIMA | Teesside University

TECHNISCHE UNIVERSITÄT DARMSTADT

ဤရုပ်ပြစာအုပ်သည် အာဏာရှင်အုပ်ချုပ်သောနိုင်ငံများ၊ ဒီမိုကရေစီစနစ်မှ နောက်ပြန်ဆုတ်နေသော နိုင်ငံများရှိ တတ်ကြွလှုပ်ရှားသူပေါင်း ၉၀ ကျော်နှင့် တွေ့ဆုံမေးမြန်းမှုများမှ စုစည်းထားသော အချက်အလက်များအပေါ် အခြေခံထားသည်။ ထိုတတ်ကြွလှုပ်ရှားသူများက ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေပေးခြင်း၊ မိမိတို့ကြုံတွေ့ခဲ့သော နည်းပညာအကူညီယူကာ အကြမ်းဖက်မှုကို အလင်းပြပေးခြင်း၊ မိမိတို့၏ပုဂ္ဂလိကလွတ်လပ်ခွင့်နှင့်လုံခြုံရေးကိုကာကွယ်ရန် အသုံးပြုခဲ့သောဗျူဟာများကို ဆွေးနွေးပေးမှုတို့အတွက် အထူးကျေးဇူးတင်ရှိပါသည်။

ယခုရုပ်ပြတွင် အထွေထွေအကြံပြုချက်များ ချပြပေးထားပါသော်လည်း တတ်ကြွလှုပ်ရှားသူများ သည်သာ ၎င်းတို့၏အခြေအနေများကို အကောင်းဆုံးနားလည်သူများ ဖြစ်ကြောင်း အလေးပေး ဖော်ပြလိုပါသည်။ အခြေနေရပ်တိုင်းတွင် သီးခြားထူးခြားမှုရှိနေပြီး၊ VPN ကဲ့သို့ တန်ဆာပလာများ အပေါ် ကန့်သတ်ထားချက်ထားရှိမှုကဲ့သို့သော ဥပဒေများ ကြိုတင်သတိပေးမှုမရှိဘဲ ပြောင်းလဲနိုင်သည်။ သတင်းအချက်အလက်များသိရှိထားခြင်း၊ ကိုယ်ပိုင်အန္တရာယ်စိစစ်သုံးသပ်မှုများ ဆောင်ရွက်ခြင်း၊ ဒေသအခြေအနေအလိုက်လုံခြုံရေးအလေ့အကျင့်များကို ကျင့်သုံးခြင်းတို့သည် ထိရောက်သော ကိုယ်တွယ်ဖြေရှင်းရေးယန္တယားလမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် အထောက်အကူဖြစ်နိုင်ပါသည်။ ထို့အပြင် ဒစ်ဂျစ်တယ်ကဏ္ဍနှင့် ရုပ်ပိုင်းဆိုင်ရာကဏ္ဍတို့သည် အပြန်အလှန်ချိတ်ဆက်နေသည်ကို သိနားလည်နေခြင်းဖြင့် လုံခြုံရေးကိစ္စရပ်ကို အကျယ်တဝံ့ ရှုမြင်တတ်ရန် အရေးကြီးသည်။ အွန်လိုင်းလုံခြုံရေးဆောင်ရွက်ချက်များသည် ဘေးကင်းလုံခြုံစွာ နေထိုင်ရေး၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပေသည်။ Access Now, Front Line Defenders ကဲ့သို့သော အဖွဲ့အစည်းများက အန္တရာယ်များစိစစ်သုံးသပ်ရေးနှင့် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ လုံခြုံရေးအတွက် အဖိုးတန်လှသော အရင်းမြစ်များကို ပေးထားပါသည်။

ကျွန်ုပ်တို့အနေဖြင့် ဖိနှိပ်ချုပ်ချယ်မှုကင်းသော အနာဂတ်သို့ ရှေးရှုရင်း၊ တရားမျှတပြီး သာတူ ညီမျှသော ကမ္ဘာသို့ ရောက်ရှိရေးအတွက် မနားတမ်း လုပ်ဆောင်နေသူများထံမှ အားယူ ရှင်သန်ကြပါစို့။


လက်မှတ်ရေးထူးသူ - လောရဂန်းထရမ်၊ ဒါမ်စတက် နည်းပညာတက္ကသိုလ်

လက်ထောက်အယ်ဒီတာ - ဂျူလီယန် လောရင့်စ်၊ တီးဆိုက်ဒ် တက္ကသိုလ်



ဤစာအုပ်သည် Creative Commons Attribution-Non commercial-4.0 International License (CC BY-NC 4.0) ဖြင့် လိုင်စင်ချထားပါသည်။.



ဤကာတွန်းကို ဂျာမနီဖက်ဒရယ် ပညာရေးနှင့် သုတေသနဝန်ကြီးဌာန (BMBF) ၏ TraCe – ဒေသဆိုင်ရာ နိုင်ငံရေးအကြမ်းဖက်မှု ပြောင်းလဲမှုဆိုင်ရာ သုတေသနစင်တာ (01UG2203E) အစီအစဉ်၏ ဘောင်အတွင်းမှ ရန်ပုံငွေ ပံ့ပိုးခဲ့ပြီး၊ ထို့အပြင် ဟက်ဆန်ပြည်နယ် အဆင့်မြင့်ပညာ၊ သုတေသန၊ သိပ္ပံနှင့် အနုပညာဝန်ကြီးဌာနက ၎င်း၏ အမျိုးသား အသုံးချ ဆိုက်ဘာလုံခြုံရေး သုတေသနစင်တာ ATHENE အတွက် ပူးတွဲထောက်ပံ့မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရန်ပုံငွေ ပံ့ပိုးခဲ့ပါသည်။



PEASEC Science and Technology for Peace and Security


ATHENE Nationales Forschungszentrum für angewandte Cybersicherheit

TraCe Research Center Transformations of Political Violence

# ဆန္ဒပြချိန် ကိုယ်ရေးအချက်အလက်များကာကွယ်ခြင်း





နင့်စွဲ ×× အချိန်
ပြီးတော့ နင့်ဗီဒီယိုရဲ့ မက်တာဒေတာကရော။ ဒါက ရိုက်ကူးတဲ့ ရက်စွဲ၊ အချိန်ကို ပြပေးတယ်။ GPS ဖွင့်ထားရင် တိကျတဲ့ တည်နေရာပါလာမယ်။ ဒီ အချက်အလက်တွေအားလုံးကို လွှင့်ပေးချင်တာလား။
‘ဒေတာပေါ်ကဒေတာ’ ဆိုတာ ဒစ်ဂျစ်တယ်ဖိုင်တစ်ခုရဲ့ အချက်လက်တွေကို ချပြပေးတဲ့ ပြင်ပဒေတာတွေဖြစ်ပြီး ယင်းဖိုင်နဲ့အတူသိမ်းဆည်း၊ မျှဝေပေါတယ်။ စက်ပစ္စည်းအများစုက ဒီဒေတာတွေကို အော်တိုဖန်တီးပေးပါတယ်။
ကိုဒွေး ဘာဖြစ်ခဲ့တယ်ဆိုတာ မှတ်မိတယ်မို့လား။ ဟိုတလေဆာနဒပြတဲ့ ဗီဒီယိုမှာ သူရုပ်ပုံပါသွားလို့ အဖမ်းခံခဲ့ရတယ်လေ။
သူမိဘတွေလေ ခြိမ်းခြောက်စာတွေ အများကြီး ရတယ်လို့ကြားမိတယ်။ ဒီလိုအဖြစ်မျိုး ငါ မိတ်ဆွေတွေဆီ ထပ်ပြီး မဖစြ်စချေင်ဘူး။
ဒါမျိုးတွေကေ ရှောင်လို့မရဘူးလေ။ ငါလည်း ခြိမ်းခြောက်စာတွေ၊ မကောင်းတဲ့ကွန်မန့်တွေ ရနတောပဲလေ။
ဆိုလိုတာက - ဒါတွေကိုငါ ခံနိုင်တယ်။ တို့ရည်မှန်းချက်တွေကို မျှဝကြေတဲ့သူတွေ ဘယ်လောက်ရှိတယ်ဆိုတာ ငါသိတယ်။ သူတို့အတွက် ရပ်တည်ပေးဖို့ငါ့မှာ တာဝန်ရှိတယ်။
သူတို့တွေအေနတရယ်ထဲမကျ ရခေါက်စဖွေ့လည်း ငါတို့မှာ တာဝန်ရှိတယ်လေ။



သတင်းထူးလိုတယ်
- ဒီဒသေမှာ တတ်ကြွလုပ်ရှားမှုဆိုတာ အနှတာရယ်ရှိမှန်းသိတယ်။
ဒါဆို ငါတို့ကို ဘာလုပ် စချောင်တာလဲ။
ပါးစပ်ပိတ်ပြီးငြိမ်နရေမှာလား။
ဒါက သူတို့ဖစြ်စချောင်တဲ့ဟာ လို့
မထင်ဘူးလား။
ဘယ်သူမှ ဒါမျိုးမပြောပါဘူး။ ငါပြောချင်
တာက ဂရုစိုက်ဖို့လိုနတောကိုပါ။
အခောင်လင်း၊ အွန်လိုင်းနှခောင့်ယှက်မှုက
နင်ထင်ထားတာထက် ပိုပြီးနင့်ကိုထိခိုက်မှုပငေး
နိုင်တယ်လို့ ငါထင်တယ်။
နင်ကကခေ ဘာထူးလို့လဲ။ ကိုဒွေးရဲ့ ကိစ္စစဖြစ်ကတည်းက
လုံခြုံရေးအကြောင်းပပြေပြီး ငါတို့အကြံတွေကို
အမြဲ ကန့်လန့်တိုက်နတော။ နင်ဖုန်းကြည့်လိုက်တိုင်း
နင့်မျက်နှာ အမူအရာကို ငါသတိမထားမိဘူး
ထင်နလေား။ သူတို့ ခြိမ်းခြောက်တာက
အလုပ်ဖြစ်နတေယ်။ နင်က
ကြောက်နပြေီပဲ။
အွန်လိုင်းကိစ္စတွကေ
လက်တွေ့မှာ ချက်ချင်း
သက်ရခောက်မှု ရှိနတေယ်ဆိုတာ
နင်ကခေ ငါကခေ သိနတောပဲ။
ငါတို့သူငယ်ချင်းတွရေဲ့ကြိုးစားသမျှကို
ငါတို့ ဆက်ပြီး အားပငေးရမယ်လေ။
မကြောည်က မက်တာဒတောနဲ့ လာရှုပ်နတော၊ ရတယ်လေ။ ဘယ်လိုဖျက်ရမယ်ဆိုတာ ခုပဲ ပြငေးမယ်။
အမလငေး!
CRACK!
ရုပ်ပုံ၊ ဗီဒီယိုတွရေိုက်တဲ့အခါ
ဘယ်သူဘယ်ဝါဆိုတာ အလွယ်တကူ
မသိနိုင်အခောင်
ငါပိုပြီးဂရုစိုက်ရမယ်လေ။



မကြောည်၊ တခောင်းပန်ပါတယ်။ ငါ တခော်တခော်တုံးတာ။ နင် ကခောင်းကခောင်းလုပ်ခဲ့တယ်။ ငါ...
ရပါတယ်ဟာ။ တို့တွေ စိတ်ဖိစီးနေပြီး သတိမမူခဲ့မိကြတာလို့ ထင်တယ်။
စိတ်အေးအေးထားကြတာပေါ့။ ကော်ဖီဆိုင်ကခောင်းတာလေး သိထားတယ်။ အပြင်ထွက်ပြီး ခဏ အာရုံလွှဲကြရအောင်။ ပြီးမှပဲ ဗီဒီယိုထဲက မျက်နှာတွေကို ဝါးသွားတာမျိုး၊ မက်တာဒေတာတွေ ဖယ်ပစ်တာမျိုး လုပ်ကြမယ်လေ။
ကခောင်းတယ်လေ။ ငါကင်မရာက GPS ကို ခဏချင်းတွင်း ပိတ်ထားလိုက်လို့ရတယ်။
11:00
###ကခောင်မ ...
သတိထားနေပေါ
စိတ်လျှော့။ ခေါင်းအေးအေးထား။ ဒါ နခောက်ထပ် မက်ဆေ့ချ်လေးသက်သက်ပဲ။
CLICK!
အင်တာနက်ဆိုတာ ကြိုခန့်မှန်းလို့မရ၊ ဘယ်တခွေမှမမေ့တတ်ဘူး။ ကိုယ်ဘာတွေ တင်လိုက်တယ်ဆိုတာ သတိထား။
ရုပ်ပိုင်းအကြမ်းဖက်မှု... အွန်လိုင်းအကြမ်းဖက်မှု... ဒါတွေကေ မခြားမနားပဲ၊ မဟုတ်ဘူးလား။
အင်တာနက်အပေါ် တစ်ခုခုတင်လိုက်ပြီးတိုင်း ပြန်ဖျက်ပစ်ဖို့ ခက်ခဲတယ်။ ဘာကြခောင့်ဆို အဲ့ဒီဖိုင်ကော်ပီကို ဆာဗာတွေမှာ သိမ်းထားပြီးသားဖြစ်လင့်ရှိပြီး တခြားသူတွေကေ ပြန်ရယူနိုင်၊ ပြန်မျှဝနေိုင်ပါတယ်။


# မိမိ၏ဒစ်ဂျစ်တယ်လုံခြုံရေးအားကောင်းစေခြင်း



အင်တာနက်ဟာ အံ့အားသင့်စရာ နည်းပညာတစ်ခုဖြစ်ပေမယ့် မိမိရဲ့ ပုဂ္ဂိုလ်ရေးရာ ဒေတာတွေ မသမာသူတွေရဲ့ လက်ထဲ ရောက်မသွားအောင် လုံခြုံဖို့ အရေးကြီးပြားယ်။ password ထားတဲ့အခါ သတိပြုရမယ့် အချို့ အချက်တွေ ရှိတယ်။ ဟက်ခံရတဲ့ ပစ်မှတ်အများစုမှာ password ကို ခန့်မှန်းဖို့ bots ကို အသုံးပြုကြတယ်။ ဒီ bots တွေက အင်တိုကွန်ပျူတာပရိုဂရမ်တွေဖြစ်ပြီး တစ်မိနစ်အတွင်းမှာ password ပေါင်း ရာဂဏန်းကို ခန့်မှန်းနိုင်ပြီး password အမှန်ကို ရနိုင်တယ်။





Password က လွယ်လွယ်ကူကူ မှန်းဆလို့ မရတာမျိုး ဖြစ်သင့်တယ်။
ဒါပေါ့။ ဒါမျိုးတွေတော့မသုံးသင့်။ ဥပမာ - “PASSWORD” or “123456”
ဟုတ်တယ်..“football” ဆိုတဲ့ စကားဝှက်မျိုးလဲ အသုံးများတဲ့အထဲပါတယ်။ ရိုးရှင်းတဲ့ စကားလုံးတွေ မသုံးဘဲ၊ အက္ခရာစကားလုံး၊ ကိန်းဂဏန်း၊ သင်္ကေတတွေ အမျိုးမျိုး သုံးတာ စိတ်ချရတယ်။ ကိုယ့်နာမည်၊ မွေးသက္ကရာဇ် တွေဟာ ခန့်မှန်းရလွယ်ကူတဲ့ စကားဝှက်တွေပေါ့။ ခန့်မှန်းရလွယ်ကူတဲ့ ကိုယ့်ရဲ့ အချက်အလက် တွေဟာ မိမိကိုယ်ပဲ ပြန်ထိခိုက်စေနိုင်တယ်။
ဒါကြောင့် password ကို တိုတိုလေး ပေးတာ၊ ကိုယ့်ရဲ့အချက်အလက်တွေ သုံးတာမျိုးမလုပ်ပဲ မတူတာမျိုးတွေ ပေးရမယ်… အဲ့တာတွေကိုရော ဘယ်လို မှတ်ထားရမလဲ။
မှတ်စု အပလီကေးရှင်းတွေမှာ ဖွက်ထားသင့်သလား။ ဒါမှမဟုတ် ကပ်စာရွက်ပေါ်ရေးပြီး စားပွဲအောက်မှာ ကပ်ထားရမယ်လား။
မလုပ်သင့်ဘူး။ မှတ်စုတွေ၊ ဆော့ဝဲတွေကေ အလွယ်တကူ ဖောက်ဝင် ကြည့်ရှုခံရ နိုင်တယ်။ လုံခြုံတဲ့ password manager အပလီကေးရှင်း သုံးတာက စာရွက်ပေါ် ရေးချတာ၊ ဖုန်းမှတ်စုထဲ ရေးတာ မျိုးထက် ပိုစိတ်ချရတယ်။ တချို့ manager အပလီကေးရှင်း တွေကေ ကိုယ့်အတွက် လုံခြုံတဲ့ စကားဝှက်တွေ ဖန်တီးပေးပြီး ထိန်းသိမ်းပေးနိုင်တယ်။
ဒါက တော်တော် အသုံးဝင်ပါတယ်။ ဒါပမဲ့… ကိုယ့် password အားလုံးကို တစ်နေရာတည်း သိမ်းထားသလိုဖြစ်မနေဘူးလား။ ဟက်ကာတွေကေရော ဘယ်မှာ ရှာရမလဲဆိုတာ သိမနေဘူးလား။ ငါ့ဖုန်း အခိုးခံရတာ၊ password manager ဟက်ခံရတာမျိုးဆိုရင် ကော။
နင့်ရဲ့ password manager ထဲက စကားဝှက်တွေကို ရယူဖို့ဆိုရင် အရင်ဆုံး ကိုယ့်ရဲ့master password ကို အတင်းဖောက်ဝင်ရပါအုံးမယ်…
… ပြီးတော့ ရှည်လျားပြီးရှုပ်ထွေးတဲ့ စကားဝှက်မျိုးဆိုရင် bots တွေ အတင်းဖောက်ဝင်ရဖို့ ရာစုနှစ်ကြာတဲ့ထိကြာနိုင်တယ်။
အရမ်းကောင်းတာပေါ့။
ဒါဆို ငါက အရမ်းလုံခြုံတဲ့ master password တစ်ခုဖန်တီးဖို့ လိုတာပေါ့။
ဒါပမဲ့ မှတ်ထားဖို့က ကိုယ့်စကားဝှက်က ဘယ်လောက် လုံခုံခြုံပေါ်စေ ဒတောတွေ အခိုးခံရရင်တော့ မကာကွယ် ပေးနိုင်ပါဘူး။
“hacking” လို့ လူသိများတဲ့ ရာဇဝတ်မှုအများစုက လူတွေရဲ့ အမှားအပေါ် အခွင့်အရေးယူပြီး ကျူးလွန်တာမျိုးဖြစ်တယ်။
မကောင်းတဲ့လူတွေကေ နင့်ရဲ့ အချက်အလက်တွေကို သူတို့ဆီ မတော်တဆပေးမိအောင် ကြိုးစားကြလိမ့်မယ်။


ကိုယ်ယုံကြည်တဲ့ လူတွေ၊ ဝက်ဘ်ဆိုက်၊ ဝန်ဆောင်မှုတွေမှာ ဟက်ကာတွေ အများဆုံးသုံးတဲ့ နည်းလမ်းက "PHISHING" လို့ခေါ်တယ်။
ဒါကြောင့် ဟက်ခံရတဲ့ ငါ့အကောင့်က ပို့တဲ့ မက်ဆေ့ချ်တွေ အောင်လင့်းကို ဖွင့်မကြည့်ခိုင်းတာပေါ့။
"သတိ၊ သင်၏အကောင့် အပ်ဒိတ်မလုပ်ပါက အပိတ်ခံရပါမည်"
"ဟယ်လို အမေ၊ ဒါ သမီး ရဲ့ဖုန်းနံပါတ်အသစ်ပါ"
"သင်သည် အခွန်ပြန်အမ်း ရယူခွင့်ရှိသည်။ အခွန်ပြန်အမ်းတောင်းခံလွှာ ပေးပို့ရန် ဤနေရာတွင် နှိပ်ပါ။"
"သင့်အကောင့်တွင် သံသယ လုပ်ရှားမှုတွေ့ရှိသည်။ အတည်ပြုရန် ဤလုံခြုံသော လင့်ကိုနှိပ်ပါ"
"ငွေတောင်းခံလွှာ - နောက်ဆုံးအသိပေးချက်"
Phishing က အများအားဖြင့် အန္တရာယ်ရှိတဲ့ ဆော့ဖ်ဝဲကို အင်တို ဒေါင်းလုဒ်စမေယ့် လင့်ခ် ဒါမှမဟုတ် ဖိုင်တစ်ခုကို ဖွင့်ဖို့တိုက်တွန်းတဲ့ မက်ဆေ့ချ်မျိုးဖြစ်မယ်။ တချို့ကြတော့ လူတွေကို လှည့်ဖျားပြီး သူတို့ရဲ့ အချက်အလက်တွေကို ရိုက်ထည့်စေဖို့ ဝက်ဘ်ဆိုက်အတုတွေတောင် ဖန်တီးကြပါတယ်။
ကိုယ် ရရှိတဲ့ ဖိုင်တွေ၊ ဒေါင်းလုဒ်ယူတဲ့ ဖိုင်တွေကို အမြဲ သတိထားပါ၊ ပြီးတော့ လင့်ခ်နဲ့ ပို့လာတဲ့ page တွေမှာ ကိုယ့် login အချက်အလက်တွေ ဘယ်တော့မှ မထည့်ပါနဲ့။ Tab အသစ်ဖွင့်ပြီး မှန်ကန်တဲ့ website ကို ရှာပါ၊ ဒါမှမဟုတ် ပိုကောင်းတာက website ပါတဲ့ app ကို သုံးပါ။
နင်အခု လုံခြုံတဲ့ password တွေ သုံးတတ်ပြီပေါ့။ နောက်ထပ် တစ်ခုပြောရအုံးမယ် - နင် တတ်ကြွလုပ်ရှားမှု အလုပ်တွေ မစမခင်ကတည်းက အခုအကောင့်ကို သုံးနေတော ငါသတိထားမိတယ်။ အလုပ်မျိုးစုံအတွက် အကောင့်မျိုးစုံ သုံးတာ ပိုလုံခြုံတယ်။
ဟုတ်ပါ့... နင့်တို့နဲ့ မပူးပေါင်းခင်က ငါ ဘာပိုစ့်တင်လဲဆိုတာကို ဂရုမစိုက်ခဲ့ဘူး။ ငါ့အကောင့် ဟောင်းထဲက ဘဲ့ရှုပ်ပုံတွေ ငါ့တွက် တန်ဖိုးရှိတယ်ဟ။ ဒါပမဲ့ မသမာသူတွေ ဒါကို တွေ့သွားရင်ဖြင့် ...
ခဏနအော်း
ကိုယ်ရေးကိုယ်တာအကောင့်
တတ်ကြွလုပ်ရှားမှုအကောင့်
ACTIVIST
ခုက Log out ရမယ့်အချိန်ရောက်ပြီ။ ဒါကို ပုံမှန်လုပ်ရမယ်။
အားလုံးပြီးပြီ။ ကျေးဇူးပါ စပယ်ရှ၊။
အောင်မြင်စွာ log out ပြီး


# ဖုန်းအစစ်ခံရချိန် ဘာေကာင်းမှုရှိစေခြင်း





မင်းရဲ့ ဆိုရှယ်မီဒီယာအကောင့်တွေ
အားလုံးကနေ log out လုပ်ထားပါလား။
ဟုတ်၊ ခုခတော်မှာ
အကောင့်ဟက်မခံရအောင် ဒီလိုပဲ
လုပ်ကြတာ မဟုတ်ဘူးလား။
ဒီတစ်ခု Log in ဝင်ပေးပါ။
ဖွင့်လိုက်ပါပြီ။
Alex
အင်း… ပူးပေါင်းပေးလို့
ကျေးဇူးတင်ပါတယ်။




ဟူး…စိတ်လှုပ်ရှားစရာ။ တခါပါသေးရဲ့၊ ငါ့ဖုန်းအပေါင်း ယူမလာမိတာ။
ဟေး၊ ဒီတခါလေးတော့ ဖုန်းတွေကို အသိမ်းမခံရဘူးကွ။
နင့်အကောင့်က ခွေးပုံတွေနဲ့နော်။ နင်က အသံထွက်ဆုံး တတ်ကြွလှုပ်ရှားသူလေ။ ဖုန်းမှာ ဘာလို့ ဘာမှမရှိရတာလဲ။
နင့်ဖုန်းကို ဆက်တင်လုပ်တာ့မှာ မဟုတ်လား။ နည်းလမ်းတချို့ ငါပြပေးပါမယ်။
သင့်ဖုန်းစက်မှာ encryption ကိုဖွင့်ပေးပြီး၊ ‘PIN code’ ကို ရွေးပေါ့။ Biometric ကို မသုံးပါနှင့်။ ဆိုလိုသည်မှာ သင့်ဖုန်းအား သင်အပါအဝင် မည်သူကမှ မျက်နှာ၊ လက်ဗွေရာနဲ့ ဖုန်းကို unlock လုပ်လို့မရတော့ဘူးပေါ့။
ဖုန်းအား ကုဒ်ဝှက်ခြင်း
ပင်ကုဒ် ဖွင့်
မျက်နှာမှတ်သားမှုကုဒ် ပိတ်
လက်ဗွေမှတ်သားမှု ပိတ်
အတိုက်ခံပြသူတစ်ဦးက တက်ကြွလှုပ်ရှားသူအား အင်အားသုံးပြီး ၎င်း၏လက်ဗွေ သို့မဟုတ် ကင်မရာရှေ့ မျက်နှာထားပြီး ဖုန်းကို unlock လုပ်ရန် ကြိုးပမ်းနိုင်သည်။ ကာယကံရှင်ဖြစ်သူက passcode ကို မေ့သွားကြောင်း၊ သို့မဟုတ် ပြောပြရန်ငြင်းဆိုကြောင်း လုပ်ဆောင်နိုင်သဖြင့် passcode ပို၍ ခက်ခဲစေသည်။
အချို့ App များက ပင်မ-စခရင်ပေါ်ရှိ icons နှင့် အမည်များကို ပြောင်းလဲပေးနိုင်သည်။ သံသယဖြစ်ဖွယ် App အချို့ကိုတော့ အနည်းငယ် မွမ်းမံပေးရပါတယ်။
ဆိုရှယ်မီဒီယာ app
စိတ်ကြိုက်ပြင်ဆင်
ရာသီဥတု
ဂဏန်းပေါင်းစက်
အဆက်သွယ်များ
ချာလီ
တိုးတိုး
ဟုတ်လား။ ဒါဆို “တိုးတိုး” ဆိုတာကရော ဘယ်သူလဲ။
ပြီးတော့ messngers မှာ မိမိအပါဝင် လူတွေရဲ့ နာမည်အမှန်ကို မသုံးပါနဲ့။ နင်တို့ရဲ့ နာမည်အမှန်တွေ ငါ့ အဆက်သွယ်ထဲမှာ မထည့်ထားဘူး။ ဥပမာ မစံပယ်ကို ဂျမ်းဘုံ လို့ မှတ်ထားတာမျိုး။
အဲ့နာမည် ငါပြန်ဖျက်ရအုံးမယ်



အဲ့နာမည်.. သူက ကိုဒွေးမဟုတ်ဘူးလား။ သူအဖမ်းမခံရခင်ကလေ။
ဟုတ်တယ်.. “တိုးတိုး” ဆိုတာ ဗီဒီယိုဂိမ်းဆော့တုန်းက သုံးတဲ့ နာမည်ပြောင်ပါ။ ဒီလို နာမည်တုတွေ လုပ်ရတာ ဘယ်လောက် မုန်းစရာကောင်းလဲ သိလား… ဒါပေမဲ့လည်းလေ ကိုယ့်ဖုန်းမှာ ဘာကို သိမ်းရမယ်၊ ဘာကိုဖျက်ရမယ်ဆိုတာ ထည့်တွက်ရတာပေါ့။
ဒါဆို ကိုယ်နဲ့အရမ်းရင်းနှီးတဲ့သူတွေနဲ့ ပတ်သက်တဲ့ ရုပ်ပုံ၊ မက်ဆေ့ချ်အကုန်လုံးကို ဖျက်ပစ်ရတာပေါ့၊ ဟုတ်လား။
ခုထိငါ့ကို လိုက်မဖမ်းသေးဘူး။ ဖြစ်နိုင်တာကတော့ သူ့ဖုန်းကို အချိန်မီ ပိတ်နိုင်ခဲ့ပြီး ဘာကိုမှ ဖွင့်မပြခဲ့ဘူး။ သူ့ဖုန်းကနေ ကွင်းဆက်လိုက်လို့ရမယ့်သူတွေကို သူကာကွယ်ပေးနေတာပါ။
ငါ့ဖုန်းထဲက သူနဲ့တွဲရိုက်ထားတဲ့ ရုပ်ပုံတွေကြောင့် ငါအဖမ်းခံခဲ့ရရင် သူနှုတ်ပိတ် နေပေးတာကို စော်ကားရာကျတာပေါ့။
ကိုဒွေးရဲ့နာမည်ကို တခြားဆန္ဒပြသူတစ်ဦးဆီကနေ အသိမ်းခံရတဲ့ ဖုန်းရဲ့ အဆက်အသွယ်ထဲမှာ ရှာတွေ့ခဲ့တာပါ။ ကုဒ်ဝှက်ထားခြင်းမရှိတဲ့ ဖုန်းအဟောင်းတစ်ခုပေါ့။ ဒါကြောင့်ပဲ သူအဖမ်းခံခဲ့ရတာ။
Daniel
ငါက လူတွေကို update
သတင်းတွေ ရစေချင်တာပါ။ စာရေးဟာ၊ ငါပြောတာ များနေပြီ။ နင့်ဖုန်းနဲ့ ပတ်သက်ပြီး မေးချင်တာရှိရင် မေးပါနော်။
ဟုတ်သား… ငါစဉ်းစားမိတာက..
ငါဖုန်းအဟောင်းကိုတော့ တက်ကြွလှုပ်ရှားမှုအတွက်သုံးပြီး ထိရှိလွယ်ကူတဲ့ ဒေတာတွေကို အဲ့မှာ မသိမ်းထားဘူး …
အဲ့ဖုန်းအတွက်ကော ဆက်တင်လုပ်ဖို့ ကူညီပေးပါနော်။
ကောင်းတဲ့အကြံပဲ။

# အင်တာနက်ပိတ်ပင်ထားချိန် ဆက်သွယ်ဖို့နည်းလမ်းများရှာဖွေခြင်း




လူအများစုက ဒီအကြောင်းတွေ မသိကြသေးဘူးလေ။ အင်တာနက်တခောင် အသစ်ဆန်း ဖြစ်နသေးတော။
ငါ့မိဘတွေကို ‘အများပြည်သူလုံခြုံရေး’ အတွက်လိုသာ ပြောလိုက်ရင် သူတို့က ဒါကို ပိတ်ပင်ဖို့ သဘောတူကြလိမ့်မယ်။ ငါတို့ ဘာတွေ ဆုံးရှုံးလဲဆိုတာတော့ သူတို့ မသိကြဘူး။
လူတွေရဲ့ အခွင့်အရေး၊ ဒစ်ဂျစ်တယ် ပြောင်းလဲတိုးတက်မှု အကြောင်းတွေကို တို့တွေကေ အမြဲတမ်း ပညာပေးနေပေမဲ့ သူတို့ဆီ မှန်ကန်တဲ့ သတင်းအချက်အလက် ရောက်နိုင်ဖို့ ခက်တယ်။ ငါတို့ ဆက်ပြီး ကြိုးစားနရေမယ်။
အင်တာနက် ပိတ်တဲ့ကိစ္စ သပိတ်မှောက်ဖို့ ဒီနေ့လည်ခင်း တတ်ကြွလှုပ်ရှားသူ အဖွဲ့သားတွေ တွေ့ဆုံကမြယ်။
အင်တာနက် ပိတ်ခဲ့ရင် အချိန် ၁၅း၃၀၊ မိန်းလမ်းမကြီးမှာ တွေ့ဆုံကြဖို့ သဘောတူခဲ့တယ်။ အစောပိုင်းက ပြောမယ်လို့ပါ၊ ဒါပမေ့ အင်တာနက်က ပိတ်ပြီးနပြေီလေ။
ဒါပမေ့ ငါ့ဆီကို ဖုန်းခေါ်တာဖြစ်ဖြစ်၊ မက်ဆေ့ချ်ပို့တာဖြစ်ဖြစ် လုပ်လို့ ရတာပဲလေ။ အခုက အွန်လိုင်း messengers တွေပဲ အလုပ်မဖြစ်တာပါ။
အန္တရာယ်များတယ်။ ဖုန်းခေါ်ဆိုမှုက app နဲ့ ခေါ်ဆိုမှုလို နှစ်ဘက်လုံး ကုဒ်ဝှက်တာမရှိဘူး။
အရေးကြီး ကိစ္စလည်းဖြစ်၊ လုံခြုံတဲ့ ဆက်သွယ်ရေးက ဆင်မပြေဖြစ်ရင် လူချင်းတွေ့ပြောကြတာ အကောင်းဆုံးပဲ။
တို့တွေ အရာအားလုံးအတွက် အဆင်သင့်ဖြစ်နရေမယ်။ အင်တာနက် ပိတ်လိုက်တဲ့အခါ လူ့အခွင့်အရေး ချိုးဖောက်မှု အထောက်အထားတွေ ထုတ်လုပ်ဖို့ ပိုခက်ခဲလာတယ်။
ဟုတ်တယ်။ မကြောည်အတွက် Bluetooth ဆက်သွယ်ရေးအကြောင်း အမြန်လေး မပြောချင်ဘူးလား။
နှစ်ယောက်အကြား Bluetooth နဲ့ မက်ဆေ့ချ်တွေ ပေးပို့နိုင်မယ့် အပလီကေးရှင်း နှစ်ဦးလုံးရဲ့ ဖုန်းမှာ ထည့်ပေးရမယ်။ Bluetooth က အကွာဝေးနီးနမေ့ ချိတ်နိုင်တဲ့အတွက် တစ်ဦးချင်းရဲ့ ဖုန်းကနေ အဆင့်ဆင့် သတင်းပေးဖြန့်ကျက်နိုင်တယ်။ အသုံးပြုသူများလလေေ မက်ဆေ့ချ်ကို ဝေးဝေးဖြန့်ဝေ ပေးနိုင်လပေဲပေါ့။
ဖုန်းအချင်းချင်း ချိတ်ဆက်ပြီး
ဒါက ဖြရှေင်းနည်းတစ်ခုပဖေ့ါနော်...
အကောင်းဆုံးဖြရှေင်းနည်းကတော့ အစကတည်းက ဒီလို ပိတ်ဆို့မှုမျိုး မဖြစ်အောင် တားဆီးပေးနိုင်ခြင်းပဲ။
ဒါပမေ့ ဒီလိုပိတ်ဆို့မှုမျိုး ဘယ်လိုလုပ်သလဲဆိုတာ မှန်းဆရခက်တယ်။ ဆက်သွယ်ရေး ကုမ္ပဏီ တွကေလည်း အစိုးရရဲ့ ဖိအားကို မလွန်ဆန်နိုင်ကြဘူး။
မိမိရရှိတဲ့ မက်ဆေ့ချ်က ကုဒ်ဝှက်ထားပြီး ဖြစ်တဲ့အခါ ပြင်ပလူတွကေ အဓိပ္ပါယ်ကို မရိပ်မိနိုင်ဘူး။ ဥပမာ၊ ငါတို့ ဒီရက်စွဲ၊ ဒီနရော သွားပြီး “ပီဇာသွားစားကြယ်” ဆိုတာက ဆန္ဒပြဖို့ လူစုကြမယ် လို့ ဆိုလိုနိုင်တယ်။


တချို့တွေကေ ဥပဒပေိုင်းနဲ့ အရေးယူဖို့ ကြိုးစားကြပမေယ့် ဖွဲ့စည်းပုံအခြခံဥပဒေ အများစုက အင်တာနက်အပေါ် လွှမ်းခြုံထားမှုမရှိတဲ့အတွက် ခိုင်ခံတဲ့ အမှတည်ဆခောက်ဖို့ ပိုခက်ခဲစတေယ်။
နိုင်ငံတကာအသိုင်းအဝိုင်းအနနေ့ကခော? ဒါက မှားနတေယ်ဆိုတာ သူတို့ သိဖို့လိုတယ်။
လက်ရှိအနနေ့ အင်တာနက်ပိတ်ဆို့မှုတွကေို အများစုက ဘဝင်မကျပမေယ်လို့ နိုင်ငံတကာ အဆင့် အရေးယူမှု မရှိသေးဘူး။
ဒီလိုအင်တာနက် ပိတ်ဆို့မှုမျိုးကို စခောင့်ကြည့်ပြီး၊ ဘယ်လို ပြဿနာကြီး ဖြစ်နတေယ် ဆိုတာ ချပြပေးတဲ့ နိုင်ငံတကာ တတ်ကြွလုပ်ရှားသူ အဖွဲ့တွရှေိတယ်။
ဒီကိစ္စကို Access Now’s #KeepItOn initiative ဆီ အစီရင်ခံထားပြီးပြီ။
accessnow
နင့်ရဲ့ထင်မြင်ချက်တွကေိုလည်း ရေးထားပေးပါလား။
ငါလား
အဲ့အကြံ မဆိုးဘူးဟ။ အသံတစ်ခုချင်းက အရေးကြီးတယ်။ အဖွဲ့ အစည်းအများစုဟာ ကမ္ဘာတစ်ဝှမ်းက တတ်ကြွလုပ်ရှားသူတွရေဲ့ အသံတွကေို ကြားချင်နတော။
ဒါတွနေ့ ငါမရင်းနှီးသေးဘူးလေ။ နခောက်ဆုံး ဆန္ဒပြပွဲကတည်းက ဆိုးဆိုးရွားရွား အမှားတွေ လုပ်မိတော့မယ်လို ဖြစ်နတော။
ကိုယ့်ဟာကို အထင်မသေးပါနဲ့။ နင်က သချော နားထခောင်တယ်၊ မြန်မြန်သင်ယူနိုင်တယ်၊ ဘာက အရေးကြီးတယ် ဆိုတာကို မြင်နိုင်တယ်။
နင့်ရဲ့ ကင်မရာရိုက်ကူးမှုကို ကြည့်ရတာ၊ နင်က သတင်းထခောက်စိတ်ဓာတ် ရှိနသေလိုပဲနခေ်ါ။
အေးပါ... ငါ အကခောင်ဆုံး လုပ်ပါမယ်။
ချိတ်ဆက်ခြင်း



သက်ဆိုင်သူသို့
ကျွန်မ၏နိုင်ငံတွင် လက်တလောအင်တာနက်ပိတ်ဆို့မှုအကြောင်း အစီရင်ခံရန်၊ ယင်းအကြောင်း ဆွေးနွေးပေးရန် ရေးသားအပ်ပါသည်။
အင်တာနက်ပိတ်ဆို့မှုသည် ပြည်သူများ၏ လူ့အခွင့်အရေးများကို နှောင့်ယှက်ပေးနေပေါသည်။
လွတ်လပ်စွာပြောဆိုခွင့်
လွတ်လပ်စွာဆန္ဒပြပိုင်ခွင့်
ကိုယ်ပိုင် ပညာသင်ယူခွင့်
ယင်းအခွင့်အရေး တစ်ခုချင်းတွင် ပြဿနာကိုယ်စီသီးသီးရှိကြသည်။ သို့သော် အင်တာနက်ကို ပိတ်ပင်ခြင်း အားဖြင့် ချိုးဖောက်မှုများက ပိုနက်နဲပါသည်။
ပြောဆိုဆက်သွယ်လိုမှု၊ မိမိကို နားလည်စေလိုမှုက လူ၏ မွေးရာပါ လိုအပ်ချက် ဖြစ်သည်။ အပြန်အလှန်ဆက်သွယ်မှုက ကျွန်ုပ်တို့၏ သဘာဝပင်ဖြစ်ပသေည်။
လူသား၏ အပြန်အလှန်ဆက်သွယ်မှုအားလုံးကို ဖြတ်တောက်လိုက်ခြင်းက ပုံမှန်မဟုတ်၊ ရက်စက်သော အပြစ်ပေးမှု ပုံစံတစ်ခုဖြစ်သည်။
အင်တာနက်သည် လူချင်းတွေ့ဆက်သွယ်မှုထက် “ပို၍သဘာဝမကျ” ဟု တချို့က ထင်မြင်သည်။ သို့သော် လူလူချင်းဆက်သွယ်မှုက သဘာဝ တွန်းအားမှ ပေါ်လာခြင်းဖြစ်၏။ ယင်းသည် ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်လိုခြင်းကို တိုးချဲ့နေခြင်းပဲဖြစ်သည်။
အစိုးရတစ်ရပ်က အင်တာနက်ကို ကြိုက်သည့်အချိန် ပိတ်ပင်ခြင်းသည် လူသားသဘာဝကို တိုက်ရိုက် တိုက်ခိုက်နေခြင်း မဟုတ်သည်လော?
ထိုအတွက်ကြောင့် အင်တာနက် ပိတ်ပင်ခြင်းသည် လူ့အခွင့်အရေး ကိစ္စရပ်တစ်ခု သက်သက်အဖြစ် သာမကဘဲ လူသားသဘာဝဖြစ်ခြင်း ကိုပင် ချိုးဖောက်ကျူးလွန်မှုအဖြစ်ပါ မှတ်ယူသင့်ပါသည်။
တာဝန်ခံမှုမရှိနိုင်သည့် ဤအရေးကိစ္စအား နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အလေးနက်ထားပေးပြီး ဆက်သွယ်ရေးအား ဝင်ရောက်စွက်ဖက်သော အစိုးရများကို ပိတ်ဆို့အရေးယူပေးပါရန် တောင်းဆိုပါသည်။
လေးစားစွာဖြင့်
မကြော်
ပို့ရန်

# အဓိကအချက်များ

ဒေသအခြေအနေကိုနားလည်ပါ

- ဒေသရဲ့ ကာလံဒေသံအခြေအနေကို နားလည်အောင်သင်ယူပါ
- မည်သူက မိမိလုပ်ရှားမှုများကို စောင့်ကြည့်နေသည်၊ အန္တရာယ်ပေးနိုင်သူဟု သံုးသပ်နေသည်အား စစ်ဆေးပါ။
- VPN နှင့် ကုဒ်ဝှက် မက်ဆေ့ချ် app စသည်တို့အပေါ် ဥပဒေရေးရာ ကန့်သတ်ချက်များရှိမရှိ စုံစမ်းပါ။
- ဖုန်းများ စစ်ဆေးခံရခြင်းကြောင့် ဖြစ်လာနိုင်သော နောက်ဆက်တွဲ ပြစ်ဒဏ်များ/သိမ်းယူမှုကို သိနားလည်ပါ။

ဆော့ဖ်ဝဲများကိုအပ်ဒိတ်လုပ်ထားပါ

- မိမိကိုယ်ကို ကာကွယ်ရန် ဆော့ဖ်ဝဲအားလုံး၊ အထူးသဖြင့် လုံခြုံရေးစနစ်များ အပ်ဒိပ်ပုံမှန်လုပ်ထားပေပါ။

အကောင့်နှင့်ဖုန်းများကို သီးခြားထားပါ

- မိမိကိုယ်ရေးကိစ္စရပ်များနှင့် တတ်ကြွလုပ်ရှားမှုများကို မရောနှောစေရန် သီးခြားအကောင့်များ- ဖြစ်နိုင်က သီးခြားဖုန်းများ - ထားရှိပေးပါ။

မိမိ၏ဒစ်ဂျစ်တယ်ခြေရာများကို ကန့်သတ်ပါ

- တတ်ကြွလုပ်ရှားမှုဆိုင်ရာအကောင့်တွင် မိမိ၏အမည်ရင်းနှင့် မချိတ်ဆက်ပါနှင့်။ မက်ဆေ့ချ် အပလီကေးရှင်း များတွင် သူစိမ်းများက မငြင်နိုင်သော သင်၏ပရိုဖိုင်း၌ အမည်ရင်းကိုမသုံးဘဲ ကလောင်နာမည် သုံးပါ။
-. ရုပ်ပုံ၊ ဗီဒီယို၊ ပို့စ်များ မတင်မီ သင်၏ တည်နေရာ၊ လုပ်ရှားမှုများ၊ ချိတ်ဆက်မှုများကို နမော်နမဲ့ ဖော်ပမြခြင်း ရှိမရှိ ထပ်ခါ စစ်ဆေးပါ။
- ထိရှလွယ်ကူသော ရုပ်ပုံကို ပေးပို့သည့်အခါ အချို့သော app များတွင် ရရှိသည့် ‘view once’ ကို အသုံးပုပြါ။ ၎င်းအားဖင့်ြ လက်ခံရရှိသူက ရုပ်ပုံကို တစ်ကြိမ်သာ ကြည့်ရှုနိုင်ပီး၊ြစခရင်ရှော့ လုပ်၍ မရနိုင်ပါ။
- မိမိဆိုရှယ်မီဒီယာ အချိတ်အဆက်များကို စစ်ဆေးပြီး မည်သူကို add/follow လုပ်ထားသည်အား စစ်ဆေးပါ။

မိမိဖုန်းကို သန့်ရှင်းရေးပုံမှန်လုပ်ပါ

- မိမိဖုန်းထဲရှိ ထိရှလွယ် မက်ဆေ့ချ်၊ ဖိုင် (သို့) အခြားဒစ်ဂျစ်တယ် သက်သေများကို ပုံမှန် ဖယ်ရှားပေးပါ။
- မိမိအဆက်အသွယ်များကို စစ်ဆေးပြီး၊မိမိ/အခြားသူတို့ လုံခြုံရေးကို ထိခိုက်နိုင်မည့်အရာများ ဖယ်ရှားပါ။

အခြေခံလုံခြုံရေးအစီအမံများချမှတ်ပါ

- အကောင့်တစ်ခုချင်းအတွက် ခိုင်မာသောစကားဝှက်ဖန်တီးပေးပြီး ယုံကြည်ရသော password manager ကို အသုံးပုပြါ။
- အကောင့်အာလုံးအတွက် နှစ်ဆင့်ခံလုံခြုံရေး (2FA)ကိုဖွင့်ပေးပါ။ PIN နံပါတ် ထားရှိပြီး အပလီကေးရှင်းအား အော်တိုပိတ်ပေးသည့် စနစ်ကို အသုံးပုပြါ။
- အများသုံး ဝိုင်ဖိုင်ကွန်ယက်များကို ချိတ်ဆက်အသုံးပုပြြင့်၊မသင့် သချောစဉ်းစားပါ။

လုံခြုံစွာပြောဆိုဆက်သွယ်မှု

- ဖုန်းခေါ်ဆိုမှုအပါအဝင် မက်ဆေ့ချ်ပေးပို့သည့်ပလက်ဖောင်းများကို နှစ်ဖက်ကုဒ်ဝှက်သည့်နည်းကို အသုံးပုပြါ။ အန္တရာယ်လျော့ချရန် မက်ဆေ့ချ်များ အလိုအလျောက် ဖျက်ဆီးသည့်စနစ်ကို ဖွင့်ပေးပါ။ .
- သင်၏ဒေသတွင် အချို့သော app များသည် သံသယရှိနိုင်ဖွယ် (သို့) ရာဇဝတ်မှုသင့်ဖွယ် ရှိမရှိ သတိပုပြါ။

အပလီကေးရှင်း အသုံးပုခြြင်းခွင့်ပုချြက်နှင့် ဝင်ရောက်ခွင့်.

- App ခွင့်ပုချြက်များကို ပန်ြလည်သုံးသပ်ပြီး အရေးကြီးလုပ်ဆောင်ချက်များအဖစ်ြ ကန့်သတ်ပါ။
- မိမိဒေတာများထံ ဝင်ရောက်ခွင့်တောင်းဆိုသော မလိုလားအပ်သည့် app များကို ရှောင်ကဉြ်ပါ။

လုံခြုံသော Backup နှင့် Recovery အစီအစဉ်များ ချမှတ်ပါ

- ဖုန်းပျောက်သွားခြင်း၊ သိမ်းယူခံရခြင်းမှ ဒေတာများကို ကာကွယ်ရန် ကုဒ်ဝှက်ခြင်း၊ backup ထားရှိခြင်းများ ဆောင်ရွက်ပါ။
- အကောင့် ထိခိုက်ခံရသော် recovery အစီအစဉ် အဆင့်သင့်ရှိနေစေပေါ်။

ဖုန်းစစ်ဆေးခံရခြင်းအတွက် ကိုကြ်ောင်ပငြ်ဆင်ပါ

- ဖုန်း ရုတ်တရက်စစ်ဆေးခံရသော် ထိရှလွယ် သတင်းအချက်အလက်များ ချက်ချင်း ဖျက်ဆီးခြင်း သို့မဟုတ် ဝှက်ထားခြင်း ပုရြန် အစီအစဉ် တစ်ရပ်ချမှတ်ထားပါ။
- ထိရှလွယ်ဒေတာနှင့် ကြည့်ရှုမှုမှတ်တမ်းများ လျင်မနြ်စွာ ကုဒ်ဝှက်ခြင်း၊ ဝှက်ထားခြင်း၊ ဖယ်ရှားခြင်း ပုရြန် ကူညီပေးသည့် app သို့မဟုတ် ဆက်တင်များကို လေ့လာပါ။ လှည့်ဖျားပီးြတိုက်ခိုက်မှုများကို သတိပုပြါ
- အမျိုးအမည်မသိရသော အရင်းအမစြ်များမှ လင့်ခ်များ၊ ပူးတွဲဖိုင်များ၊ မက်ဆေ့ချ်များကို သတိပုပြါ။

- လှည့်ဖျားမှု နည်းလမ်းများအား ပုံမှန် လေ့လာပေးခြင်း၊ လင့်ခ်များကို မနှိပ်မီ၊ အချက်အလက်များကို မပေးမီ ပေးပို့သူ၏ မှန်ကန်မှု စိစစ် အတည်ပုခြြင်းသည် အထောက်အကူပေးသည်။

ဤအချက်များကို လိုက်နာခြင်းဖင့်ြ မိမိအထောက်အထား၊ ဒေတာ၊ အန္တရာယ်များကဲြ့က တတ်ကြွလှုပ်ရှားမှုများ စသည်တို့အား ကာကွယ်ပေးမည့် စီမံချက်များ ချမှတ်နိုင်ပါမည်။

အသေးစိပ်လေ့ကျင့်သင်ကြားမှုနှင့် နည်းပညာပံ့ပိုးမှုအတွက် အောက်ပါဝက်ဘ်ဆိုင်များက ကူညီပေးနိုင်သည် -

Front Line Defender: https://securityinabox.org/en/

Helpline Access Now: https://www.accessnow.org/resources/

# လုံခြုံရေးသည်သာပဓာန
# - အွန်လိုင်း၊ အဖော့ဖ်လိုင်း

မကြော့ည်၊ စံပယ်၊ အခောင်လင်း၊ ကိုဒွေး တို့သည် အာဏာရှင်းစနစ်ကြီး ထွားလာသော နိုင်ငံတစ်ခုတွင် လူ့အခွင့်အရေးလှုပ်ရှားမှုများကို ထဲထဲဝင်ဝင် လုပ်ဆောင်နသေော သူငယ်ချင်းလေးဦးဖြစ်သည်။ ဆို ရှယ်မီဒီယာပေါ် ၎င်းတို့၏ သတင်းစကားများအား စီစဉ်ဖြန့်ဝေ ရာတွင် အင်တာနက် ပိတ်ဆို့ခြင်း၊ အကောင့်များဟာက်ခံရခြင်း၊ တိုက်ရိုက်ခြိမ်းခြောက်ခံရခြင်း၊ အဆက်မပြတ် စောင့်ကြည့်ခံရခြင်း စသည်ဖြင့် ပြည်သူများ ငြိမ်ဝပ် ကြာောက်ရွံ့သွား စရေန် ရည်ရွယ်သည့် နည်းလမ်းများဆိုင်ရာ စိန်ခေါ်မှုများ ကြုံတွေ့ခဲ့ရပါသည်။ ဆန္ဒဖော်ထုတ်မှုတွင် ပါဝင်ခြင်းကြာောင့် ကိုဒွေး ဖမ်းဆီးခံခဲ့ရခြင်းသည် ၎င်းတို့အားလုံး ရင်ဆိုင်နရေသည့် အန္တရာယ် များကို ပြသ သတိပေးနသေည်။ မကြော့ည်က ဒစ်ဂျစ်တယ်လုံခြုံရေး အကြာခေင်း၊ တတ်ကြွလှုပ်ရှားမှုဟူသည် မည်သည်ဖြစ်ကြာခေင်း ပိုမို လေ့လာသင်ယူနသေည်ဖြစ်ရာ သူမနှင့်အတူ ရုပ်ပြစာအုပ်တိုအခန်း ၄ ခုတွင် ဆက်လက် လေ့လာကြာပါစို့။